# ရှင်ပေတရုဩဝါဒစာဒုတိယစောင်
## နိဒါန်း

*__ပေတရု__ရေးသားထားသောဒုတိယစောင်သည်ရှေးဦးခရစ်ယာန်များထံသို့ပေးပို့သောစာဖြစ်သည်။ ဤစာကိုရေးရသည့် အဓိကအကြောင်းရင်းမှာ တရားဟောဆရာအတုအယောင်များ၏ သွန်သင်ခြင်းနှင့် ယင်းသွန်သင်ခြင်း၏ဆိုးကျိုးဖြစ်သောစာရိတ္တပျက်ပြားမှုများကိုတားဆီးရန်ဖြစ်၏။ဤပြဿနာများအတွက် အဖြေမှာဘုရားသခင်နှင့်ခရစ် တော်__ယေဇူး__၏ အကြောင်းသွန်သင်ချက်အစစ်အမှန်ကိုစွဲမြဲစွာခံယူထားခြင်း၌ပင်တွေ့ရှိနိုင်ပေသည်။ယင်းစစ်မှန်သည့်သွန်သင်ချက်ကို__ယေဇူး__သခင်အားကိုယ်တိုင်ဖူး*

*မြင်၍ကိုယ်တော်၏ဩဝါဒများကိုကြားနာခဲ့ရသူများထံမှသာသိရှိနိုင်မည်ဖြစ်ပေသည်။ ခရစ်တော် နောက်တစ်ဖန်ပြန်ကြွလာတော်မူမည်မဟုတ်ကြောင်းကို ပြောဆိုနေကြသောသူတို့၏လွဲမှားသောသွန်သင်ချက်များအကြောင်းကိုအလေးထား၍ ရှင်းလင်းတင်ပြထားပါသည်။ __ပေတရု__က ခရစ်တော်ပြန်လည်ကြွလာတော်မူရန် နှောင့်နှေးနေဟန်ရှိခြင်းမှာဘုရားသခင်သည်မည်သူတစ်ဦးတစ်ယောက်ကိုမျှပျက်စီးဆုံးရှုံး စေရန်အလိုရှိတော်မမူ၊လူအားလုံးတို့သည်မိမိတို့၏အပြစ်ဒုစရိုက်များမှ နောင်တရကြစေရန် အလိုတော်ရှိတော်မူသည့်အကြောင်းရေးသားတင်ပြထားသည်။ ဤစာစောင်သည်သမ္မာကျမ်းစာတွင် နောက်ဆုံးရေးသားသောစာစောင်တစ်စောင်ဖြစ်၍ခရစ်သက္ကရာဇ်၁၀၀ခန့်တွင်ရေးသားပြုစုထား ခြင်းဖြစ်သည်။*

### *အကြောင်းအရာအကျဉ်းချုပ်*

*–နိဒါန်း ၁း၁–၂*

*–ခရစ်ယာန်များအဖြစ်ရွေးချယ်ခံရခြင်း ၁း၃–၂၁*

*–တရားဟောဆရာအတုအယောင်များ ၂း၁–၂၂*

*–ခရစ်တော်၏နောက်ဆုံးအကြိမ် ကြွလာတော်မူခြင်း ၃း၁–၁၈*

## အခန်းကြီး (၁)
### နှုတ်ခွန်းဆက်စကား

၁။ **ယေဇူး**ခရစ်တော်၏ အစေခံနှင့်တမန်တော်ဖြစ်သူ **စီမုန်ပေတရု**က ငါတို့၏ဘုရားသခင်နှင့်ကယ်တင်ရှင် **ယေဇူး**ခရစ်တော်၏ဖြောင့်မတ်ခြင်းတရားအားဖြင့်ငါ
ရရှိသောယုံကြည်ခြင်းကိုငါတို့နည်းတူရရှိထားသော
၂။ သူတို့ထံစာရေးလိုက်သည်။ ဘုရားသခင်နှင့်**ယေဇူး**
ခရစ်တော်ကိုသိကျွမ်းရခြင်းအားဖြင့်သင်တို့၌ကျေးဇူး
တော်နှင့် ငြိမ်သက်ခြင်းမင်္ဂလာတိုးပွားပါစေသော။

### ဘုရားသခင်ခေါ်ယူရွေးချယ်တော်မူခြင်း

၃။ ငါတို့သည်ခရစ်တော်ကိုသိကျွမ်းခြင်းအားဖြင့်ဘုရား
တရား၌မွေ့လျော်ကြစေရန် ဘုရားသခင်သည်မဟာ
တန်ခိုးတော်အားဖြင့်ငါတို့လိုအပ်သမျှကိုပေးတော်မူ
၏။ ခရစ်တော်သည် မိမိ၏ဘုန်းအသရေတော်နှင့်
ကောင်းမြတ်ခြင်းကိုခံယူနိုင်ကြစေရန်ငါတို့အား ခေါ်
၄။ ယူထားတော်မူ၏။ဤနည်းအားဖြင့်ကိုယ်တော်သည်
အလွန်ကြီးမြတ်၍အဖိုးထိုက်တန်သည့်ကတိတော်ကို
ငါတို့အားပေးတော်မူ၏။ထိုကတိတော်အားဖြင့် သင်
တို့သည်ဤလောကတွင်ဖောက်ပြန်ပျက်စီးတတ်သော
ကိလေသာဆိုးညစ်မှုများမှလွတ်မြောက်နိုင်ကြလျက်
ဘုရားဇာတိတော်တွင် ပါဝင်နိုင်ကြရန် ဖြစ်၏။
၅။ ဤအကြောင်းကြောင့် သင်တို့သည် မိမိတို့၏
ယုံကြည်ခြင်းကို အကျင့်သီလဖြင့် လည်းကောင်း၊
၆။ အကျင့်သီလကို အသိပညာဖြင့် လည်းကောင်း၊
အသိပညာကို ကာမဂုဏ် ချုပ်တည်းခြင်းဖြင့်
လည်းကောင်း၊ ကာမဂုဏ်ချုပ်တည်းခြင်းကို ခံနိုင်
ရည်ရှိခြင်းဖြင့် လည်းကောင်း၊ ခံနိုင်ရည်ရှိခြင်းကို
၇။ ဘုရားတရားကြည်ညိုခြင်းဖြင့်လည်းကောင်း၊ဘုရား
တရားကြည်ညိုခြင်းကို ညီအစ်ကိုတို့အားသနားညှာ
တာခြင်းဖြင့်လည်းကောင်း၊ ညီအစ်ကိုတို့အားသနား
ညှာတာခြင်းကို ချစ်ခြင်းမေတ္တာဖြင့် လည်းကောင်း
အပြန်အလှန်အကျိုးပြုကြရန် အစွမ်းကုန်ကြိုးစားကြ
လော့။
၈။ အထက်ပါဂုဏ်ရည်များကို သင်တို့ ပိုင်ဆိုင်ကြွယ်ဝ
ကြလျှင် ငါတို့အရှင် သခင်**ယေဇူး** ခရစ်တော်ကို
သိကျွမ်းခြင်း၌ပိုမိုထိရောက်မှုရှိလျက်အကျိုးဖြစ်ထွန်း
၉။ လိမ့်မည်။ ဤဂုဏ်ရည်များနှင့် ကင်းသောသူသည်
အမြင်တို၍မျက်စိကန်းသောသူဖြစ်ပြီးမိမိသည်ယခင်
ကအပြစ်များမှမည်ကဲ့သို့ ဖြေလွှတ်ခွင့်ရရှိခဲ့သည်ကို
၁၀။ မေ့လျော့လေပြီ။ထို့ကြောင့်ညီအစ်ကိုတို့သင်တို့အား
ဘုရားသခင်ခေါ်ယူရွေးချယ်တော်မူခြင်းကိုတည်မြဲစေ
ခြင်းငှါပို၍ ကြိုးစားကြလော့။သို့မှသာသင်တို့သည်
မိမိတို့၏ ယုံကြည်ခြင်းကို မည်သည့်အခါမျှလျော့
နည်းပျောက်ဆုံးလိမ့်မည်မဟုတ်။

၁၁။ သို့မှသာ ငါတို့၏သခင်နှင့်ကယ်တင်ရှင်**ယေရှု**ခရစ်
တော်၏ထာဝရနိုင်ငံတော်သို့ဝင်နိုင်ရန် အခွင့်အရေး
၁၂။ ပြည့်ဝစွာ ရရှိကြလိမ့်မည်။ထို့ကြောင့် သင်တို့သည်
ဤအကြောင်းအရာများကိုသိရှိနားလည်လျက်မိမိတို့
ခံယူထားသောသမ္မာတရားတော်၌ အခြေခိုင်၍နေပြီ
ဖြစ်သော်လည်း ထိုအရာများအကြောင်းကို သင်တို့
၁၃။ အား ငါအစဉ်သတိပေးမည်။ ငါအသက်ရှင်လျက်ရှိ
နေသမျှကာလပတ်လုံးထိုအကြောင်းအရာများကိုသင်
တို့အားသတိပေး နှိုးဆော်သင့်သည်ဟုလည်းယူဆ
၁၄။ ၏။အဘယ်ကြောင့်ဆိုသော် ငါတို့သခင်**ယေရှု**ခရစ်
တော်ဗျာဒိတ်ပေးတော်မူသည့်အတိုင်းငါသည်မကြာမီ
ပင်ဤပျက်စီးတတ်သည့်တဲတည်းဟူသောကိုယ်ခန္ဓာ
ကိုစွန့်ပစ်ရလိမ့်မည်ဖြစ်ကြောင်းကို သိသောကြောင့်
၁၅။ ဖြစ်၏။ထိုမှတစ်ပါး ဤလောကမှ ငါစွန့်ခွာသွားပြီး
နောက်သင်တို့သည်ဤအကြောင်းအရာများကိုအစဉ်
ပြန်လည် မှတ်မိစေခြင်းငှါ ငါအစွမ်းကုန် ကြိုးစား
ဆောင်ရွက်မည်။

## ခရစ်တော်၏ဘုန်းဂုဏ်တော်ကိုဖူးမြင်ရသော အသိသက်သေများ

၁၆။ ငါတို့ အရှင်သခင် **ယေရှု**ခရစ်တော်၏ဘုန်းတန်ခိုး
တော်နှင့်ကြွလာတော်မူမည့်အကြောင်းကိုသင်တို့အား
ဟောပြောသောအခါ၌ ငါတို့သည် ပရိယာယ်နှင့်တီ
ထွင်သောဒဏ္ဍာရီပုံပြင်များနိယာမသဘောတရားများ
မှ ဟောပြောနေခြင်းမဟုတ်။ငါတို့ကိုယ်တိုင်ပင်ခရစ်
တော်၏ဘုန်းဂုဏ်တော်ကိုမြင်တွေ့ရသူများဖြစ်ကြပေ
၁၇။ သည်။ အကြီးမြတ်ဆုံးသော ဘုန်းတော်ရှင်၏အထံ
တော်မှ ဤသူကားငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်
သားပေတည်းဟူသော အသံတော်ပေါ်ထွက် ချိန်၌
ကိုယ်တော်သည်ခမည်းတော်ဘုရား ထံတော်မှဘုန်း
၁၈။ ဂုဏ်တော်ကို ခံယူတော်မူ၏။ ထိုစဉ်ကသန့်ရှင်းမြင့်
မြတ်သောတောင်တော်တွင်ကိုယ်တော်နှင့်အတူငါတို့
ရှိနေကြပြီး မိုးကောင်းကင်မှထွက်ပေါ်လာသောအသံ
တော်ကို ငါတို့ကိုယ်တိုင်ကြားရပေသည်။
၁၉။ သို့ဖြစ်၍ ငါတို့သည် ပရောဖက်များကြွေးကြော်သည့်
ဗျာဒိတ်တော်အသံကိုပိုမိုယုံကြည်စိတ်ချ၍အလေးအ
နက်ထားကြလော့။အကြောင်းမူကားထိုဗျာဒိတ်တော်
သည် သင်တို့၏စိတ်နှလုံးထဲတွင်အာရုဏ်ဦးမိုးသောက်
ကြယ်ပေါ်ထွက်ချိန်မတိုင်မီ၊အမှောင်ထဲတွင်ထွန်းလင်း
လျက်ရှိသော မီးအိမ်ငယ်နှင့်တူ၏။
၂၀။ သို့ဖြစ်၍သမ္မာကျမ်းစာ၌ ပါရှိသောပရောဖက်တို့၏
ဟောချက်အနက်အဓိပ္ပါယ်ကိုမည်သူမျှကိုယ့်အလိုအ
လျောက်ပြန်ဆို၍မရနိုင်ကြောင်းသင်တို့အထူးသိမှတ်
၂၁။ ထားကြလော့။ အဘယ်ကြောင့်ဆိုသော်မည် သည့်
ပရောဖက်ဟောပြောချက်မျှ လူ့အလိုဆန္ဒမှဖြစ်ပေါ်
လာသည်မဟုတ်၊ သန့်ရှင်းသော ဝိညာဉ်တော်၏
နှိုးဆော်ခြင်းခံရသောသန့်ရှင်းသူတို့ဟောပြောချက်မှ
ပေါ်ထွက်လာသောဘုရားသခင်၏ဗျာဒိတ်တော်အသံ
ပင်ဖြစ်၏။

## အခန်းကြီး (၂)

## ဆရာအတုအယောင်များ

၁။ **အစ္စရေး**လူမျိုးတို့တွင်ပရောဖက် အတုအယောင်များ
ပေါ်ပေါက်ခဲ့သည့်နည်းတူသင်တို့တွင်လည်းဆရာအ
တုအယောင်များပေါ်ပေါက်လာကြလိမ့်မည်။ သူတို့
သည်အကျိုးယုတ်စေသောမှားယွင်းသည့် အယူဝါဒ
များကို သင်တို့ထံသို့ ယူဆောင်လာကြလိမ့်မည်၊
သူတို့သည်မိမိတို့အားကယ်တင်တော်မူသောအရှင်သ
ခင်ကို ငြင်းပယ်ကြခြင်းအားဖြင့် ပျက်စီးဆုံးရှုံးခြင်း
ဘေးအန္တရာယ် သူတို့ အပေါ်သို့ ရုတ်တရက် ကျ
၂။ ရောက်လိမ့်မည်။မည်သို့ပင်ဖြစ်စေလူအများစုတို့ပင်
လျှင်သူတို့၏မကောင်းမှုဒုစရိုက်လမ်းစဉ်ကိုလိုက်ကြ
လိမ့်မည်။ ထိုသူတို့၏ ဒုစရိုက်လမ်းကို အတုယူ
လျှောက်လှမ်းသော သူတို့သည်လည်း သမ္မာတရား
၃။ လမ်းစဉ်ကိုရှုတ်ချပြောဆိုကြလိမ့်မည်။ဤဆရာအတု
အယောင်များသည် လောဘလွန်ကျူးလျက်မဟုတ်မ
မှန်လုပ်ကြံပြောဆိုကာ သင်တို့ထံမှအမြတ်ထုတ်ကြ
လိမ့်မည်။သို့သော် ရှေးကာလကပင်လျှင်သူတို့အား
တရားစီရင်တော်မူမည့်အရှင်သည် အသင့်ရှိတော်မူ
လေပြီ။သူတို့အားသုတ်သင်ဖျက်စီးတော်မူမည့်အရှင်
သည် အိပ်ပျော်လျက်နေတော်မမူအစဉ်နိုးကြားလျက်
နေတော်မူ၏။

## အတိတ်ကာလသင်ခန်းစာ

၄။ ကောင်းကင်သိကြားတမန်များအပြစ်ကျူးလွန်သော
အခါ ထာဝရဘုရားသခင်သည်သူတို့အား ချမ်းသာ
မပေးဘဲမှောင်မိုက်ငရဲထဲသို့နှင်ချတော်မူ၍ ထိုနေရာ
တွင် တရားစီရင်တော်မူရာ နောက်ဆုံးသောနေ့တိုင်

၅။ အောင်ချုပ်နှောင်ထားတော်မူ၏။ကိုယ်တော်သည်ရှေး
ခေတ်ကာလကမ္ဘာမြေလူသားတို့အားလည်းချမ်းသာ
ပေးတော်မမူခဲ့ပေ။ ထိုစဉ်အခါက ကိုယ်တော်သည်
ဘုရားမဲ့သူတို့၏ ကမ္ဘာမြေကို ရေလွှမ်းမိုးစေတော်မူ
သောအခါ၊ ဖြောင့်မတ်ခြင်းတရားကို ဟောပြောသူ
**နောဧ**ကိုမူကား၊လူခုနှစ်ဦးနှင့်တကွ ရေဘေးမှကယ်
ဆယ်တော်မူခဲ့သည်။
၆။ ဘုရားသခင်သည်**ဆိုဒုံ**နှင့်**ဂမောရာ**မြို့တို့ကိုလည်းမီး
လောင်၍ပြာကျစေရန် ပြစ်ဒဏ်ခတ်တော်မူခြင်းဖြင့်
နောင်အနာဂတ်တွင် ဆိုးညစ်ပြစ်မှုကျူးလွန် သူတို့
အတွက်သတိပေးချက်တစ်ရပ်ကဲ့သို့ဖြစ်စေတော်မူခဲ့
၏။
၇။ သို့ရာတွင်ဆိုးယုတ်မာသူတို့၏မကောင်းမှုဒုစရိုက်ပြု
ကျင့်မှုများကြောင့်စိတ်ပျက်လျက်နေသောဖြောင့်မတ်
သူ**လောတ်**ကိုမူကား ကိုယ်တော်သည် မီးဘေးမှကယ်
၈။ ဆယ်တော်မူ၏။ဆိုးယုတ်မာသူတို့၏အကြားတွင်နေ
ထိုင်သောထိုဖြောင့်မတ်သူသည်သူတို့၏ဆိုးညစ်ဒုစ
ရိုက်ပြုကျင့်မှုများကို နေ့စဉ်တွေ့မြင်ကြားသိရသဖြင့်
၉။ လွန်စွာစိတ်ဒုက္ခရောက်ခဲ့ရပေသည်။သို့ဖြစ်၍ဘုရား
သခင်သည်ဖြောင့်မတ်သူတို့ကိုစုံစမ်းနှောင့်ယှက်ခြင်း
များမှကယ်ဆယ်တော်မူ၍ ဆိုးယုတ်မာသောသူတို့၊
၁၀။ အထူးသဖြင့်မိမိတို့၏ကိလေသာစိတ်ဆွဲဆောင်ရာသို့
လိုက်၍ ဘုရားသခင်၏ဩဇာအာဏာတော်ကိုမထီမဲ့
မြင်ပြုသူများအားတရားစီရင်တော်မူရာ နေ့ရက်တိုင်
အောင်အပြစ်ဒဏ်ပေးရန်စီမံတော်မူလိမ့်မည်။ကိုယ့်အ
လိုသို့ လိုက်တတ်သော ထိုအတုအယောင်ဆရာတို့
သည် ရှိသေလေးစားမှုမရှိ မာနထောင်လွှားလျက်၊
တန်ခိုးကြီးသောကောင်းကင်သားတို့အား စော်ကား
၁၁။ ပြောဆိုရန်အတင့်ရဲကြ၏။သို့သော်ဤအတုအယောင်
ဆရာများထက်ပို၍စွမ်းအားတန်ခိုးကြီးသောကောင်း
ကင်တမန်တော်များပင်လျှင်ထိုသူတို့အား စော်ကား
၁၂။ ပြောဆိုခြင်းမပြုကြချေ။ထိုသူတို့သည်ဖမ်းဆီးခြင်းခံရ
၍သတ်ဖြတ်ခြင်းခံရန်အတွက်သာပေါက်ဖွားခြင်းခံရ
ကြသော သားရဲတိရစ္ဆာန်များနှင့်တူကြ၏။ မိမိတို့
မသိနားမလည်သည့်အရာဟူသမျှ၏ အကြောင်းကို
မကောင်းပြောဆိုကဲ့ရဲ့တတ်ကြသဖြင့်အသိဉာဏ်ကင်း
မဲ့သည့်သားရဲတိရစ္ဆာန်များနည်းတူပျက်စီးခြင်းခံရကြ
၁၃။ လိမ့်မည်။သူတစ်ပါးတို့အားထိခိုက်နာကျင်စေသကဲ့
သို့မိမိတို့လည်းထိခိုက်နာကျင်ခြင်းခံရကြလိမ့်မည်။

၁၄။ သူတို့သည် နေ့အချိန်၌ပင် ကာမဂုဏ်အမှု၌လွန်
ကျူးကြ၏။သင်တို့နှင့်အတူ စားပွဲ၌စားသောက်ချိန်
တွင်လည်းလှည့်ဖျားသောပျော်ပါးခြင်းများဖြင့်သင်
တို့၏ဂုဏ်သိက္ခာကို ကျဆင်းစေတတ်ကြ၏။သူတို့
သည်အမျိုးသမီးများကိုသာ ပြစ်မှားလိုသောကိလေ
သာမျက်စိနှင့် ကြည့်လျက် မပြစ်မှားဘဲမနေနိုင်ဖြစ်
ကာ စိတ်နှလုံးမတည်ကြည်၍ အရင့်ကျက်ဆုံးသော
အမျိုးသမီးများကိုပင်လျှင်သွေးဆောင် တတ်ကြ၏။
လောဘလွန်ကျူးခြင်း၌ကျင်လည်၍ဘုရားသခင်ထံမှ
၁၅။ ကျိန်စာသင့်သောသူများဖြစ်ကြ၏။သူတို့သည်သမ္မာ
တရားလမ်းကိုစွန့်လွှတ်ကာမှားယွင်းမှုများမှရရှိသော
အဖိုးအခကို တပ်မက်သည့် **ဘော်စော်**၏သား၊
**ဘာလမ်**၏လမ်းစဉ်နောက်သို့လိုက်ကြလေပြီ။
၁၆။ သို့သော် **ဘော်စော်**သည် မိမိ၏ အပြစ်ဒုစရိုက်
အတွက်ဆုံးမခြင်းခံရကာ သူ၏မြည်းမသည် လူ့
ဘာသာစကားကိုပြော၍ ထိုပရောဖက်၏မိုက်မဲမှုကို
ဟန့်တားလိုက်လေသည်။
၁၇။ ထိုသူတို့သည်ရေခမ်းခြောက်သွားသည့် စမ်းချောင်း
များကဲ့သို့လည်းကောင်း၊လေမုန်တိုင်းတွင်လျင်မြန်စွာ
လွင့်ပါသွားသောမိုးတိမ်ကဲ့သို့လည်းကောင်းဖြစ်ကြ
၏။ ဘုရားသခင်သည်ထိုသူတို့အတွက်အလွန်မှောင်
၁၈။ မိုက်သောနေရာကိုသီးသန့်ထားပေးတော်မူ၏။သူတို့
သည်မှားယွင်းခြင်း၌ကျင်လည်နေကြသည့်လူစုထဲမှ
လွှတ်မြောက်ခါစဖြစ်သောသူတို့အားကြွားဝါသောအ
ကျိုးမဲ့စကားများကိုသုံးကာဇာတိပကတိတပ်မက်ခြင်း
ကာမဂုဏ်လိုက်စားခြင်းတို့ဖြင့်အပြစ်သို့သွေးဆောင်
၁၉။ လမ်းလွဲစေကြ၏။ အတုအယောင် ဆရာတို့သည်
ထိုသူတို့အားလွတ်လပ်မှုကို ကတိပေးခဲ့သော်လည်း
မိမိတို့ကိုယ်တိုင်ပင်လျှင် အကျင့်စာရိတ္တ ဖောက်ပြန်
ခြင်း၏ကျွန်များဖြစ်နေကြ၏။အဘယ်ကြောင့်ဆိုသော်
လူသည် မိမိအားစိုးမိုးသည့်အရာဟူသမျှ၏ကျွန်ဖြစ်
သောကြောင့်တည်း။
၂၀။ အကယ်၍လူတို့သည်ငါတို့အရှင်သခင်နှင့်ကယ်တင်
ရှင်ဖြစ်တော်မူသော**ယေရှု**ခရစ်တော်ကိုသိရှိခြင်းအား
ဖြင့်လောကီမကောင်းမှုဒုစရိုက်များမှလွှတ်မြောက်ကြ
ပြီးနောက်တစ်ဖန်ပြန်၍ ထိုဒုစရိုက်မှုများ၏ကျွန်ဖြစ်
ပါမူ ထိုသူ၏ နောက်ဆုံး လက်ရှိအခြေအနေသည်
ယခင် လက်ဦးအခြေအနေထက်ပို၍ ဆိုးရွားပေလိမ့်
၂၁။ မည်။ထို့ကြောင့်သူတို့သည်သမ္မာတရားလမ်းကိုသိရှိ
လာပြီးနောက်မိမိတို့ခံယူရရှိသောမြင့်မြတ်သည့်အယူ

ဝါဒတရားကိုစွန့်လွှတ်လိုကြသည်ထက် ထိုတရားကို
မသိရှိဘဲနေရခြင်းသည်သူတို့အတွက်ပို၍ကောင်း၏။
၂၂။ ခွေးသည်မိမိအန်ဖတ်ကိုပြန်၍စားတတ်၏ဟူ၍လည်း
ကောင်း၊ဝက်ကိုရေချိုးပေးသော်လည်းရွှံ့နွံတွင်ပြန်၍
လူးတတ်၏ဟူသောဆိုရိုးစကားများသည်ထိုသူတို့အ
တွက် သင့်လျော်မှန်ကန်လှပေ၏။

## အခန်းကြီး(၃)
## သခင်ဘုရားကြွလာမည့်အကြောင်း
## ကတိပေးတော်မူခြင်း

၁။ ငါ၏ချစ်မိတ်ဆွေတို့၊ဤစာစောင်သည်သင်တို့ထံရေး
၂။ ပို့လိုက်သောငါ၏ဒုတိယစာစောင်ဖြစ်၏။ငါသည်ဤ
စာစောင်နှစ်စောင်လုံး၌ စစ်မှန်သောအယူဝါဒများကို
သင်တို့သည် ကြည်လင်သောဉာဏ်ဖြင့် သင်တို့နား
လည်သဘောပေါက်စေရန်နှင့်နိုးကြားတတ်ကြစေရန်
ရည်ရွယ်၍သတိပေးချက်များဖြင့်ရေးသားခဲ့၏။လွန်ခဲ့
သည့်ရှေးဟောင်းကာလမှပုရောဖက်တို့၏ဟောကြား
ချက်များကိုလည်းကောင်း၊သင်တို့၏တမန်တော်များ
မှတစ်ဆင့်ပေးအပ်ခဲ့သည့်ကယ်တင်ရှင်သခင်ဘုရား
၏ပညတ်တော်တို့ကိုလည်းကောင်းအောက်မေ့သတိ
၃။ ရကြလော့။ သင်တို့ဦးစွာနားလည်မှတ်သားရမည်မှာ
နောက်ဆုံးသောကာလ၌မိမိတို့၏ကိလေသာစိတ်အ
လိုသို့စိုးမိုးခြင်းခံရသောသူတို့ပေါ်လာ၍သင်တို့အား
၄။ ပျက်ရယ်ပြုကြလိမ့်မည်။သခင်ဘုရားသည်မိမိတဖန်
ကြွလာတော်မူမည်ဟုကတိထားတော်မူခဲ့သည်မဟုတ်
လော၊ထိုကတိတော်ကားအဘယ်သို့ဖြစ်လေပြီနည်း။
ငါတို့၏မိဘများသေသွားကြသည့်အချိန်မှစ၍ခပ်သိ
မ်းသောအမှုအရာရှိသမျှတို့သည်ဖန်ဆင်းတော်မူခြင်း
အစ၌ တည်ရှိခဲ့သည့်အတိုင်းပင် ရှိနေသေးပါသည်
၅။ တကားဟုဆိုကြလိမ့်မည်။ထာဝရဘုရားသခင်သည်
ရှေးဦးကာလ၌မိုးကောင်းကင်နှင့်ကမ္ဘာမြေကြီးကိုနှုတ်
ကပတ်တော်အားဖြင့် ဖန်ဆင်း တော်မူကြောင်းကို
လည်းကောင်း၊ကိုယ်တော်သည်ကမ္ဘာမြေကြီးကိုရေထဲ
မှ ရေအားဖြင့် ဖြစ်ပေါ်စေတော်မူကြောင်းကိုလည်း
၆။ ကောင်း၊ရှေးကာလရှိကမ္ဘာမြေကြီးကိုရေဖြင့်ပင်လျှင်
လွှမ်းမိုးဖျက်ဆီးတော်မူကြောင်းကိုလည်းကောင်းသူ
တို့သည် ဇောန်သိရှိလျက် လစ်လျူရှုခဲ့ကြသည်။
၇။ ဘုရားသခင်သည်လက်ရှိကောင်းကင်နှင့် ကမ္ဘာမြေ
ကြီးကိုဘုရားတရားမဲ့အပြစ်ရှိသူတို့အား တရားစီရင်
ဖျက်ဆီးတော်မူရာနေ့တိုင်အောင် နှုတ်ကပတ်တော်
အားဖြင့်ပင် ဆက်လက် တည်ရှိစေတော်မူသည်။
၈။ သို့ရာတွင်၊ငါ၏ချစ်မိတ်ဆွေတို့၊ ထာဝရဘုရားအဖို့
တစ်ရက်သည်အနှစ်တစ်ထောင်ကဲ့သို့လည်းကောင်း၊
အနှစ်တစ်ထောင်သည်တစ်ရက်ကဲ့သို့လည်းကောင်း
ဖြစ်သည်ကို မမေ့မလျော့ကြနှင့်။
၉။ လူအချို့တို့ထင်မှတ်သကဲ့သို့ထာဝရဘုရားသည် မိမိ
၏ ကတိတော်များကို အကောင်အထည်ဖော်ရန်
နှောင့်နှေးတော်မူသည်မဟုတ်။မည်သူမျှပျက်စီးဆုံးရှုံး
ခြင်းသို့ မရောက်စေဘဲ လူတိုင်းနောင်တရရှိစေရန်
အလိုတော်ရှိ၍သင်တို့ကိုအချိန်ပေးသည်းခံတော်မူပေ
သည်
၁၀။ ထာဝရဘုရား၏နေ့ရက်သည်သူခိုးလာသကဲ့သို့၊ ကျ
ရောက်လာလိမ့်မည်။ ထိုနေ့ရက်၌ မိုးကောင်းကင်
သည်ကြီးစွာသော အသံမြည်ဟီးလျက်ပျောက်ကွယ်
သွားလိမ့်မည်။လောကဓါတ်တို့သည်လည်း မီးအပူ
ရှိန်ပြင်းသဖြင့်အရည်ပျော်သွားကြလိမ့်မည်။ထိုအခါ
ကမ္ဘာမြေကြီးနှင့်တကွ မြေပေါ်တွင်ရှိသမျှသောအရာ
တို့သည် လောင်ကျွမ်းပျောက်ကွယ်သွားလိမ့်မည်။
၁၁။ ခပ်သိမ်းသော အရာတို့သည် ဤသို့ပျက်စီးပျောက်
ကွယ်သွားရကြမည်ဖြစ်သဖြင့် သင်တို့သည်အဘယ်
၁၂။ သို့သော သူများဖြစ်သင့်ကြသနည်း။ သင်တို့သည်
ဘုရားသခင်၏နေ့ရက်ကို စောင့်မျှော်၍ ထိုနေ့ရက်
လျင်မြန်စွာကျရောက်လာစေရန် ကြိုးစားအားထုတ်
လျက်နေကြစဉ် မိမိဘဝကို သန့်ရှင်းမွန်မြတ်စေ၍
ဘုရားတရားအားထုတ်ခြင်းဖြင့်ဆက်ကပ်သင့်ကြ၏။
ထိုနေ့ရက်၌မိုးကောင်းကင်သည်မီးသင့်လောင်ကျွမ်း
၍ပျက်စီးလိမ့်မည်။လောကဓါတ်များသည်လည်းအပူ
၁၃။ ရှိန်ကြောင့်အရည်ပျော်ကြလိမ့်မည်။ သို့ရာတွင်ငါတို့
သည်ဘုရားသခင်ကတိထားတော်မူသည့်ဖြောင့်မတ်
ခြင်းတရား စိုးမိုးတည်ရှိရာ မိုးကောင်းကင်သစ်နှင့်
ကမ္ဘာမြေသစ်ကို စောင့်မျှော်လျက်နေကြ၏။
၁၄။ သို့ဖြစ်၍ချစ်မိတ်ဆွေတို့ သင်တို့သည်ထိုနေ့ရက်ကို
စောင့်မျှော်လျက်နေကြစဉ်ဘုရားသခင်၏ရှေ့တော်၌
စိတ်နှလုံး ဖြူစင်သန့်ရှင်း အပြစ်ကင်းစေရန်လည်း
ကောင်းကိုယ်တော်နှင့်ငြိမ်းချမ်းမှုရရှိ၍နှစ်သက်လက်
ခံဖွယ် ဖြစ်စေရန်လည်းကောင်း အစွမ်းကုန်ကြိုးစား
၁၅။ အားထုတ်ကြလော့။ငါတို့ချစ်သော ညီအစ်ကိုပေါလု
သည်ဘုရားသခင်ပေးသနားတော်မူသောဉာဏ်ပညာ

ဖြင့်သင်တို့ထံစာရေးသားဖော်ပြခဲ့သည့်အတိုင်းဘုရား
သခင်၏စောင့်ဆိုင်းသည်းခံတော်မူခြင်းသည်သင်တို့
ကယ်တင်ခြင်းရရန်အတွက် အခွင့်အရေးပင် ဖြစ်
၁၆။ ကြောင်းမှတ်ယူကြလော့။**ပေါလု**သည်ဤအကြောင်း
အရာနှင့်ပတ်သက်၍ မိမိရေးသမျှသောစာတို့တွင်ဤ
အတိုင်းပင် ဖော်ပြထား၏။ သူ၏စာအချို့တို့မှာနား
လည်ရန်ခက်သဖြင့်အသိပညာမဲ့၍ စိတ်မတည်မငြိမ်
သူတို့သည် အနက်အဓိပ္ပါယ် အလွဲလွဲ အမှားမှား
ကောက်ယူ တတ်ကြသဖြင့် မိမိကိုယ်တိုင်ကိုလည်း
ပျက်စီး ခြင်းငါပြုကြ၏။

၁၇။ သို့ရာတွင်၊ချစ်မိတ်ဆွေတို့သင်တို့သည်ဤအကြောင်း
အရာများကိုကြားသိပြီးဖြစ်သဖြင့် တရားမဲ့သူတို့၏
မှားယွင်းသောလမ်းသို့မလိုက်ပါမိကြစေရန်နှင့်မိမိတို့
ခိုင်ခန့်တည်ကြည်စွာ ရပ်တည်ရာမှ မရွေ့မရှားကြ
၁၈။ စေရန်သတိပြုကြလော့။ သင်တို့သည်ငါတို့၏အရှင်
သခင်နှင့်ကယ်တင်ရှင်ဖြစ်တော်မူသော **ယေရှုး**ခရစ်
တော်၏ကျေးဇူးတော်၌ဆက်လက်၍ရှင်သန်ကြီးထွား
ကြလော့။ထိုအရှင်သည်ယခုမှစ၍ထာဝစဉ်ဘုန်းဂုဏ်
တော်ထွန်းတောက်တော်မူပါစေသတည်း။အာမင်။